တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၃၀။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၆၉၅

၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၁၃ တွင် ချမှတ်သော ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၅ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဒီကရီအပေါ် တင်သွင်းသောအယူခံမှု

ဦးသန်းထွေး (Chairman,Straight Forward International Co. Ltd) နှင့် ဦးသောင်းလွင်

**အယူခံတရားလို** **အယူခံတရားပြိုင်**

အယူခံတရားလိုအတွက် - ဒေါ်ခင်သီတာလွင်၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးစံတင်၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၈၇ တွင် ဦးသောင်းလွင်က ဦးသန်းထွေးအပေါ် ကျွန်းသစ်လေ / သစ်လွင့်ထုတ်လုပ်ရေး နှစ်ဦးသဘောတူစာချုပ်အရ ကြိုတင်ပေးထားသည့် အမေရိကန်ဒေါ်လာ ၂၃၇၀၀ နှင့် ညီမျှသော မြန်မာငွေကျပ် ၂၃၃၉၁၉၀၀/- ရလိုမှုစွဲဆိုရာ အနိုင်ဒီကရီချမှတ်သည်။ တရားပြိုင်က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၁၃ ဖြင့် အယူခံရာ အောင်မြင်မှုမရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤတရားမအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုနှင့်တရားပြိုင်တို့သည် ကျွန်းသစ်လေ / သစ်လွင့်ထုတ်လုပ်ရေး နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း၊ တရားပြိုင်၏ Straight Forward International Co. Ltd မှ ထုတ်လုပ်ခွင့်ရသော မကွေးတိုင်း၊ ဂန့်ဂေါဒေသနှင့် ချင်းပြည်နယ်၊ မင်းတပ်နယ်ရှိ ကြိုးဝိုင်းများမှ ကျွန်းသစ်လေ / သစ်လွင့်စုစုပေါင်း (၆၃၂) တန်အား တရားလိုသို့စုဆောင်း၊ သယ်ယူ၊ ရောင်းချရန်အတွက် လုပ်ငန်းအပ်နှံခဲ့ကြောင်း၊ လုပ်ငန်းပြီးစီးသည်အထိ တရားလိုမှ

ကုန်ကျစရိတ်ကျခံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ် ၁ တန်လျှင် အမေရိကန် ၇၅ ဒေါ်လာကို တရားပြိုင်သို့ ပေးချေရန်ဖြစ်ကြောင်း၊ စုစုပေါင်းသစ်တန်ဖိုး၏ ၅၀ % ကို မြန်မာ့သစ်လုပ်ငန်းနှင့် ကုမ္ပဏီတို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး ဝယ်ယူမည့်အခြားကုမ္ပဏီသို့ Consigning ချိန်းပြီး တစ်ပတ်အတွင်း အကျေပေးချေရန် သဘောတူချုပ်ဆိုခဲ့ကြောင်း၊ ၎င်းနောက် မြန်မာ့သစ်လုပ်ငန်းမှ ကျွန်းသစ်လေ / သစ်လွင့်ထုတ်လုပ်ခွင့်မပြုတော့ကြောင်း အကြောင်းကြားလာသဖြင့် လုပ်ငန်းရပ်ဆိုင်းခဲ့ရ၍ တရားလိုမှသစ် ၁၃၀ တန်ခန့် ထုတ်လုပ်နိုင်သော်လည်း လက်လွတ်ဆုံးရှုံးခဲ့ရကြောင်း၊ နှစ်ဦးသဘောတူစာချုပ် ပျက်ပြယ်ခဲ့ရ၍ တရားပြိုင်ကြိုတင်ရယူထားသော ငွေများပြန်လည်ပေးရမည်ဖြစ်သော်လည်း ပေးဆပ်ခြင်းမရှိသဖြင့် အမှုစွဲဆိုရကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်ကုမ္ပဏီသည် မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာနနှင့် စာချုပ် ချုပ်ပြီး စုစုပေါင်းသစ် (၆၃၂) တန် ကန်ထရိုက်ရရှိခဲ့ကြောင်း၊ တရားပြိုင်ကုမ္ပဏီက တရားလိုအား လုပ်ငန်းလုပ်ပိုင်ခွင့် ရောင်းချခြင်းသာဖြစ်ကြောင်း၊ စာချုပ်အရ လုပ်ငန်းကာလသည် ၂၀၁၃ ခုနှစ်၊ ဇွန်လမှ ၂၀၁၄ ခုနှစ်၊ မေလအထိဖြစ်ကြောင်း၊ တရားလိုသည် စာချုပ် ချုပ်ပြီးသစ်ကွက်များအတွင်းဝင်၍ သစ်ထုတ်လုပ်စုဆောင်ခြင်းဖြစ်ကြောင်း၊ တရားလိုသည် သစ်တန် (၁၃၀) ထုတ်လုပ်ခဲ့ကြောင်း နို့တစ်စာရမှသိရှိခဲ့ရကြောင်း၊ စာချုပ်တွင်လုပ်ငန်းကို မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာနက ခွင့်ပြုချက်ရုပ်သိမ်းလျှင် တရားလိုအား ကြိုတင်ငွေနှင့်သစ်ထုတ်လုပ်ရာတွင် ကုန်ကျစရိတ်များကို ပေးလျော်ပါမည်ဟု ပဋိညာဉ်စည်းကမ်းချက်မပါရှိသဖြင့် အမှုစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း ချေပသည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တရားလိုနှင့်တရားပြိုင်ကုမ္ပဏီတို့အကြား သစ်အရောင်းအဝယ် ချုပ်ဆိုထားသည့်စာချုပ် သက်သေခံ (က) သည် ပဋိညာဉ်ဥပဒေအရ ပျက်ပြယ်ပြီးဖြစ်၍ ပဋိညာဉ်ချုပ်ဆိုသူများသည် မည်သည့်အခွင့်အရေးမှမရှိတော့ကြောင်း၊ သက်သေခံ (က) စာချုပ်တွင် အလျော်အစား စည်းကမ်းချက်မပါရှိကြောင်း၊ ပဋိညာဉ်ဥပဒေပုဒ်မ ၆၅ သည် အရောင်းအဝယ်ပျက်သည့်ကိစ္စနှင့်မသက်ဆိုင်ကြောင်း၊ တရားလိုနှင့်တရားပြိုင်ကုမ္ပဏီတို့ချုပ်ဆိုထားသော စာချုပ်သည် ပဋိညာဉ်စာချုပ်မဟုတ်ဘဲ သစ်အရောင်းအဝယ်စာချုပ်သာဖြစ်ကြောင်း၊ ကျွန်းသစ်လေ / သစ်လွင့်အရောင်းအဝယ်ပျက်ခြင်းသည် ပဋိညာဉ်ပျက်ခြင်းနှင့် မတူညီကြောင်း၊ မူလခရိုင်တရားရုံးနှင့် အယူခံရုံးတို့၏ စီရင်ချက်နှင့်ဒီကရီအား ပယ်ဖျက်၍ ဥပဒေနှင့်ညီညွတ်မျှတသော စီရင်ချက်နှင့်ဒီကရီ ချမှတ်ပေးပါရန် လျှောက်လဲသည်။

အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက သက်သေခံ (က) စာချုပ်ပါတာဝန်များကို ဆောင်ရွက်ခြင်းမပြုဘဲ ပြီးဆုံးခြင်းရာက်မည်မဟုတ်ကြောင်း၊ ယင်းစာချုပ်အရတရားပြိုင်က ငွေကျပ် ၂၃၃၉၁၃၉၀၀/- အား လက်ခံရရှိကြောင်း ဝန်ခံထွက်ဆိုခဲ့ကြောင်း၊ တရားလိုနှင့်တရားပြိုင်တို့သည် တရားလိုမှပေးထားသောငွေများ အဆုံးရှုံးခံပါမည်ဟု မပါရှိသဖြင့် ပဋိညာဉ်ဥပဒေပုဒ်မ ၆၅ အရ တရားပြိုင်က တရားလိုသို့ ငွေကျပ် ၂၃၃၉၁၃၉၀၀/- ပြန်ပေးရမည်ဟု

ဆုံးဖြတ်ခြင်းသည် မှန်ကန်ကြောင်း၊ မူလရုံးနှင့် ပထမအယူခံရုံးက ဆုံးဖြတ်ခြင်းသည် မှန်ကန်သဖြင့် ဆက်လက်အတည်ပြုသင့်ကြောင်း လျှောက်လဲသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက တရားလို၏ ဆောင်ရွက်မှုချို့ယွင်းခြင်း စည်းကမ်းဖောက်ဖျက်ခြင်းတို့ကြောင့် သစ်ထုတ်လုပ်ငန်းရပ်ဆိုင်းခဲ့ရကြောင်း ပေါ်ပေါက်မှုမရှိကြောင်း၊ ၂၈-၁၂-၂၀၁၃ ရက်စွဲပါ စာချုပ်သည် စာချုပ်ကာလမကုန်ဆုံးမီ မြန်မာ့သစ်လုပ်ငန်းမှ သစ်ထုတ်လုပ်ငန်းရပ်ဆိုင်းခဲ့ရသောကြောင့် ပျက်ပြယ်သည့် စာချုပ်ဖြစ်သည်မှာ မှန်ကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅ အရ တရားပြိုင်က တရားလိုအား အကျိုးအမြတ်ငွေကျပ် ၂၃၃၉၁၉၀၀/- ပြန်ပေးရန် တာဝန်ရှိကြောင်း သုံးသပ်၍ တရားလိုအား အနိုင်ဒီကရီချမှတ်သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က မူလရုံးတရားပြိုင်သည် ၎င်းကုမ္ပဏီအနေဖြင့် ထုတ်လုပ်ခွင့်ရသည်ဆိုသော ကျွန်းသစ်လေ / သစ်လွင့်ထုတ်လုပ်ခြင်းအတွက် မူလရုံးတရားလိုအား မိမိစရိတ်ဖြင့် ထုတ်ယူရန်နှင့် ရရှိလာမည့် ကျွန်းသစ်အတွက် ခံစားခွင့်ကို သတ်မှတ်ပြီး ၅၀ % အတွက် ကြိုတင်ငွေ အမေရိကန်ဒေါ်လာ ၂၃၇၀၀ နှင့်ညီမျှသော မြန်မာငွေကျပ် ၂၃၃၉၁၉၀၀ /- ကို လက်ခံရယူပြီးဖြစ်သည်မှာ အငြင်းမပွားကြောင်း၊ သစ်တန် ၁၃၀ ထုတ်လုပ်ပြီးဖြစ်သည်အထိ ကုန်ကျငွေများလည်းရှိကြောင်း၊ တရားလိုက ၎င်းကြိုတင်ပေးအပ်ထားငွေကိုသာလျှင် ရလိုကြောင်း တောင်းဆိုထားခြင်းအား ခွင့်ပြုသင့်ကြောင်း တရားစွဲဆိုစဉ်ကပင် တရားပြိုင်အဖြစ် ဦးသန်းထွေး Chairman (Straight Forward International Co. Ltd) ဟု ဖော်ပြစွဲဆိုထား၍ မူလရုံးစီရင်ချက်နှင့်ဒီကရီတွင် တရားပြိုင်နေရာ၌ ယင်းသို့ပြည့်စုံစွာဖော်ပြရန်ညွှန်ကြားချက်ဖြင့် မူလရုံးဒီကရီအား ဆက်လက်အတည်ပြုသည်။

တရားလိုနှင့်တရားပြိုင်တို့အကြား ကျွန်းသစ်လေ / သစ်လွင့်ထုတ်လုပ်ရေးနှစ်ဦးသဘောတူစာချုပ် သက်သေခံ (က) ဖြင့် မကွေးတိုင်း၊ ဂန့်ဂေါဒေသ နှင့် ချင်းပြည်နယ် သစ်ထုတ်လုပ်ရေး၊ မင်းတပ်နယ်ရှိ ကြိုးဝိုင်းအတွင်း စုစုပေါင်းသစ် (၆၃၂) တန်အား တရားလို ဦးသောင်းလွင်မှ ထုတ်လုပ်၊ စုဆောင်း၊ သယ်ယူ၊ ရောင်းချရန် လုပ်ငန်းအပ်နှံခဲ့ကြသည်။ ယင်းစာချုပ်အရ စုစုပေါင်းသစ်တန်ဖိုး၏ ၅၀ % ဖြစ်သော အမေရိကန်ဒေါ်လာ ၂၃၇၀၀ အတွက် ၁ ဒေါ်လာလျှင် မြန်မာငွေ ၉၈၇ ကျပ်ဖြင့် တွက်ချက်၍ ငွေကျပ် ၂၃၃၉၁၉၀၀/- ကို တရားလိုက တရားပြိုင်အား ပေးအပ်ခဲ့ကြောင်း တရားပြိုင်က မငြင်းဆိုချေ။

တရားပြိုင်က ယင်းငွေသည် တရားပြိုင်၏ ကုမ္ပဏီတွင် ငွေကြေးလိုအပ်မှုရှိနေ၍ ကြိုတင်ပေးချေထားခြင်းသာဖြစ်ပြီး အမှန်တကယ်အားဖြင့် လုပ်ငန်းပြီးစီး၍ အသားတင်ထုတ်လုပ်ရရှိသည့် သစ်တန်အပေါ်တွင်သာလျှင် ပေးချေရမည်ဆိုလျှင် ငွေလို၍ ကြိုတင်ရယူခြင်းမျိုးမဟုတ်ဘဲ လုပ်ငန်းသဘောအရ ကြိုတင်ငွေပေးခြင်းသာဖြစ်ကြောင်း ပြန်လှန်စစ်မေးချက်တွင် ထွက်ဆိုထားသည်။

သက်သေခံ (က) စာချုပ်တွင် ယင်းငွေနှင့်စပ်လျဉ်း၍ လုပ်ငန်းအခြေအနေ တစ်ရပ်ရပ် ပြောင်းလဲလာပါက မည်သို့အကျိုးသက်ရောက်နိုင်မှု၊ ဆုံးရှုံးနစ်နာမှုအတွက် ဆောင်ရွက်ရန် နည်းလမ်းကို နှစ်ဦးနှစ်ဖက်စလုံးမှ စည်းကမ်းချက်ထားရှိ၍ ထည့်သွင်းချုပ်ဆိုထားခြင်းမရှိချေ။ တရားပြိုင်၏ထွက်ချက်အရ ယင်းငွေသည် တရားပြိုင်၏ကုမ္ပဏီအတွက် ငွေကြေးလိုအပ်မှု ရှိနေ၍ တရားလိုက ကြိုတင်ပေးထားငွေဖြစ်ရာ စာချုပ်ပါလုပ်ငန်းအပြီးတိုင်ဆောင်ရွက်နိုင်ခြင်း မရှိပါက ယင်းပဋိညာဉ်ကို ဆက်လက်အတည်ပြု၍မရနိုင်လျှင် ပဋိညာဉ်ပါ တရားပြိုင်ရယူထား ငွေအား တရားလိုသို့ ပြန်လည်ပေးအပ်သင့်ပေသည်။

ကသာမြို့၊ သစ်ထုတ်လုပ်ရေးမန်နေဂျာ ဦးဦးသန်းမြင့် (ပြိုင်ပြ - ၄) က သစ်တော ဝန်ကြီးဌာနသည် သစ်ထုတ်လုပ်ခွင့်ကို သတ်မှတ်ကာလမတိုင်မီ ပိတ်သိမ်းခဲ့ခြင်းမှာ မည်သည့် အကြောင်းကြောင့် ပိတ်သိမ်းကြောင်း ထွက်ဆိုနိုင်ခြင်းမရှိချေ။

သက်သေခံ (က) စာချုပ်အရ လုပ်ငန်းဆက်လက်လုပ်ဆောင်နိုင်မှုမရှိခြင်းသည် သစ်ထုတ်လုပ်ခွင့်ပိတ်သိမ်းသည့်စာ သက်သေခံ (ဈ) အရဖြစ်သည်။ ယင်းစာချုပ်ပါ တရားလို၏ တာဝန်သည် သစ်များထုတ်လုပ်၊ စုဆောင်း၊ သယ်ယူ၊ ရောင်းချရန်ဖြစ်ရာ သစ်ထုတ်ခွင့်ပါမစ် ပိတ်သိမ်းခြင်းသည် တရားလိုနှင့်တစ်စုံတစ်ရာ ပတ်သက်ခြင်းရှိကြောင်း အမှုတွဲအရ မပေါ်ပေါက်ချေ။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ ၏ သဘောမှာ နောင်အခါတွင် မဖြစ်နိုင်သည့် အခြေအနေသို့ ရောက်သွားသော သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သွားသော ပြုလုပ်မှုကို ဆောင်ရွက် ရန် ပဋိညာဉ်သည် ပျက်ပြယ်သော ပဋိညာဉ်ဖြစ်သည်ဟုဆိုလိုသည်။

တရားလို နှင့် တရားပြိုင်တို့အကြား သက်သေခံ (က) အရ ဆောင်ရွက်သည့် ပဋိညာဉ်သည် နောက်ပိုင်းတွင် စာချုပ်အရ ဆောင်ရွက်ရန် မဖြစ်နိုင်တော့သည့် အခြေအနေသို့ ရောက်ရှိသွားသဖြင့် ပျက်ပြယ်သော ပဋိညာဉ်ဖြစ်လာပေသည်ဟု ဆိုရပေမည်။ ဤမှုသဘောကို **မြန်မာ့သစ်လုပ်ငန်းအဖွဲ့ နှင့် ဒေါ်သောင်းရင် ပါ - ၂ အမှု**[၁] တွင်ကြည့်ပါ။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅ တွင် သဘောတူညီချက်သည် ပျက်ပြယ်ကြောင်း သိရှိရလျှင်ဖြစ်စေ၊ ပဋိညာဉ်ပျက်ပြယ်သွားလျှင်ဖြစ်စေ ထိုသဘောတူညီချက် သို့မဟုတ် ပဋိညာဉ် အရ မည်သည့်အကျိုးအမြတ်ကိုမဆို ရရှိထားသောသူသည် မိမိအား အကျိုးအမြတ်ရရှိစေသောသူ ကို ပြန်ပေးရန် သို့မဟုတ် အကျိုးအမြတ်အတွက် လျော်ကြေးပေးရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်း ထားသည်။

---

၁။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၉၉။

တရားလိုက တရားပြိုင်အား ပေးထားသော ကြိုတင်ငွေကျပ် ၂၃၃၉၁၉၀၀ /- သည် တရားပြိုင်၏ကုမ္ပဏီတွင် ငွေကြေးလိုအပ်နေ၍ ပေးထားသည့် ငွေဖြစ်ရာ ယင်းငွေကို ပဋိညာဉ် ပျက်ပြယ်သွားလျှင် တရားပြိုင်မှ တရားလိုအား ပဋိညာဉ်အက်ဥပဒေ ၆၅ အရ ပြန်ပေးရန် တာဝန်ရှိ သည်မှာ မြင်သာသည်။ **ဒေါက်တာမောင်ကို နှင့် ဦးဝင်းမြင့်ဝင်း ပါ - ၂ အမှု**[၂] တွင် ကြည့်ပါ။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က တရားပြိုင်ဦးသန်းထွေး Chairman (Straight Forward International Co. Ltd) သည် တရားလိုသို့ငွေကျပ် ၂၃၃၉၁၉၀၀/- ကို စရိတ်နှင့်တကွ ပေးစေရန် ချမှတ်သည့် ဒီကရီသည် အမှုတွဲပါ သက်သေခံချက်များအရ ဥပဒေနှင့် ညီညွတ်မှုတမှန်ကန်ပေသည်။

ထို့ကြောင့် [ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဒီကရီအား ဆက်လက် အတည်ပြု၍ ဤအယူခံမှုအား စရိတ်နှင့်တကွပလပ်သည်။ ]

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

( သာဌေး )
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

---

၂။ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁။